**The Kumudra Weekly,
18 February 2005**

# ဘီလ်ဂိတ်က
# ကလေးများဆေးဝါးအတွက်
# ဒေါ်လာ သန်း ၇၅၀ လှူဒါန်း

မိုက်ခရိုဆော့ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဘီလ်ဂိတ်က ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ကလေးတွေ ဆေးဝါးကုသမှု အတွက် ပိုမိုကျယ်ပြန့်တဲ့ ဆေးဝါး ထုတ်လုပ်နိုင်ဖို့ ဒေါ်လာ သန်း ၇၅၀ လှူဒါန်းပါတယ်။

ဘီလ်ဂိတ် က သူ ယခုလို လှူဒါန်းရတာကတော့ ကမ္ဘာ့ကျန်းမာရေးညီတူညီမျှဖြစ်စေဖို့ ဖွံ့ဖြိုးပြီးအနောက်နိုင်ငံကြီးတွေက စိတ်ပါဝင်စားလာအောင် လှူတာပါလို့ ဆိုပါတယ်။

ကမ္ဘာကြီးရဲ့ မျက်နှာစာမှာ လူသားတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ဖို့ အလွန် လိုအပ်နေပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မကြာခင်မှာပဲ နောက်ခံကား အဖြစ် လူသားတွေ သန်းနဲ့ချီပြီး သေဆုံးခဲ့ရတဲ့ မြင်ကွင်းက ရှိတာကိုးလို့ ဘီလ်ဂိတ် က သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

သူ က တကယ် လို့ လူသားတိုင်း တန်းတူညီမျှ အခွင့်အလမ်း ရှိတယ်လို့ ပြသနိုင်ဖို့အတွက် လုံလောက်တဲ့ ရန်ပုံငွေတွေ မတည်ထားရှိဖို့ လိုနေတယ်လေလို့ ဆိုပါတယ်။

ဘီလ်ဂိတ်နှင့် မာလင်ဒါဂိတ် ဇနီးမောင်နှံတို့ ဖောင်ဒေးရှင်းမှ ယခုလှူတဲ့ ဒေါ်လာ သန်း ၇၅၀ ဟာ ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုနှင့် ရောဂါ ကာကွယ်ရေးအဖွဲ့ (GAVI) ကို လှူတာ ဖြစ်ပါတယ်။ သည်အဖွဲ့ဟာ ၂၀၀၀ ပြည့်နှစ်က ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုနှင့် ရောဂါကာကွယ်ရေးအဖွဲ့ဟာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)ကို ထောက်ပံ့နေတာ ဖြစ်ပြီး အဓိကအားဖြင့် နိုင်ငံတကာမှ အစိုးရတွေနဲ့ ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီတွေကို ရောဂါကုသဖို့ ဆေးဝါးတွေ၊ ကာကွယ်ဖို့ဆေးဝါးတွေ ထုတ်လုပ်ဖို့၊ သုတေသန ပြုလုပ်ကြဖို့ အလေးထား စည်းရုံး လုပ်ဆောင် အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။